# တန်းတူအခွင့်အရေးပေးရေးသည် ဥပဒေတစ်ရပ် ဖြစ်သည်

ဖယ်ဒရယ်အစိုးရ၏ ငွေကြေးအကူအညီကို လက်ခံရရှိသူသည် အောက်ဖော်ပြပါ အခြေခံအချက်များပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းသည် ဥပဒေကို ချိုးဖောက်ရာရောက်သည်- အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူတစ်ဦးဦးအား ၎င်း၏လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ (ကိုယ်ဝန်ဆောင်၊ ကလေးမွေးဖွားခြင်းနှင့် ဆက်စပ်ရောဂါ အခြေအနေများ၊ လိင်ပိုင်းဆိုင်ရာ ပုံသေကားကျသတ်မှတ်ချက်၊ လိင်ပြောင်းလဲမှုအခြေအနေနှင့် လိင်စိတ်ခံယူချက် အပါအဝင်) လိင်အမျိုးအစား၊ (အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အားနည်းခြင်း အပါအဝင်) နိုင်ငံဇာတိ၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် နိုင်ငံရေးနှီးနွှယ်ပတ်သက်မှု သို့မဟုတ် နိုင်ငံရေးခံယူချက်တို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လုပ်သားအင်အားဆန်းသစ်တီထွင်မှုနှင့် အခွင့်အရေး အက်ဥပဒေ၏ ခေါင်းစဉ် I အရ ငွေကြေးအကူအညီပေးထားသည့် အစီအစဉ်များတွင် အကျိုးခံစားခွင့်ရှိသူ၊ လျှောက်ထားသူ သို့မဟုတ် ပါဝင်သူ မှန်သမျှအပေါ် ထိုသူ၏ နိုင်ငံသားဖြစ်ခွင့် အခြေအနေ သို့မဟုတ် WIOA ခေါင်းစဉ် I–ငွေကြေးအကူအညီပေးထားသည့် အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်မှုအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း။

ငွေကြေးအကူအညီလက်ခံရရှိသူသည် အောက်ဖော်ပြပါ မည်သည့်နယ်ပယ်တွင်မျှ ခွဲခြားဆက်ဆံခြင်း မပြုရပါ-  WIOA ခေါင်းစဉ် I– ငွေကြေးအကူအညီပေးထားသည့် အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုမှန်သမျှကို မည်သူက လက်ခံရရှိမည် သို့မဟုတ် ရယူခွင့်ရှိမည်ကို ဆုံးဖြတ်ခြင်း၊ အဆိုပါ အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုနှင့်ပတ်သက်သူမှန်သမျှကို အခွင့်အရေးများပေးခြင်း သို့မဟုတ် ဆက်ဆံပြောဆိုခြင်း သို့မဟုတ် အဆိုပါ အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုကို စီမံခန့်ခွဲရာတွင် သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ အလုပ်ခန့်အပ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း။

ဖယ်ဒရယ်အစိုးရ၏ ငွေကြေးအကူအညီကို လက်ခံရရှိသူများသည် မသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆိုရာတွင်လည်း အခြားသူများနှင့် ဆက်သွယ်ပြောဆိုသလိုပင် ထိထိရောက်ရောက် ဆက်သွယ်နိုင်ကြောင်း သေချာစေရန် သင့်တော်သော အဆင့်များကို လုပ်ဆောင်ရပါမည်။ ဆိုလိုသည်မှာ ငွေကြေးအကူအညီ လက်ခံရရှိထားသူများအနေဖြင့် သတ်မှတ်ချက်ပြည့်မီသည့် မသန်စွမ်းသူများအား ၎င်းတို့ဘက်က သင့်လျော်သော ဆက်သွယ်ပြောဆိုမှုဆိုင်ရာ ထပ်ဆောင်း အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆိုလာပါက အခမဲ့ပံ့ပိုးပေးရန် လိုအပ်ပါသည်။

### သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ယူဆပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း

WIOA ခေါင်းစဉ် I–ငွေကြေးအကူအညီပေးထားသော အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတွင် သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ယူဆပါက ထိုကဲ့သို့ စွပ်စွဲထားသည့်ချိုးဖောက်မှု ဖြစ်ပွားခဲ့သည့် နေ့မှစ၍ ရက်ပေါင်း 180 အတွင်း အောက်ဖော်ပြပါ နည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားချက်ကို တင်သွင်းနိုင်ပါသည်-  ငွေကြေးအကူအညီလက်ခံရရှိသူ၏

တန်းတူအခွင့်အရေးပေးရေးဆိုင်ရာ တာဝန်ရှိသူ (သို့မဟုတ် ဤကိစ္စရပ်အတွက် ငွေကြေးအကူအညီလက်ခံရရှိ သူက ရွေးချယ်သတ်မှတ်ထားပေးသူ) ထံ တိုင်ကြားနိုင်ပါသည်။

**တန်းတူအခွင့်အရေးပေးရေးဆိုင်ရာ တာဝန်ရှိသူ၏ ဆက်သွယ်ရန် အချက်အလက်-**

သို့မဟုတ်

**ဒါရိုက်တာ၊ Civil Rights Center (CRC၊ နိုင်ငံသားအခွင့်အရေးများဆိုင်ရာ စင်တာ)၊ U.S. Department of Labor (အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးစီးဌာန)**

**200 Constitution Avenue NW၊ အခန်း N-4123၊ Washington, DC 20210** ထံတွင်
သို့မဟုတ် CRC ဝက်ဘ်ဆိုက်ဖြစ်သည့် www.dol.gov/crc တွင် ညွှန်ကြားထားသည့်အတိုင်း အီလက်ထရောနစ်နည်းလမ်းဖြင့် တိုင်ကြားနိုင်ပါသည်။

ငွေကြေးအကူအညီလက်ခံရရှိ သူထံတွင် သင့်တိုင်ကြားချက်ကို တင်သွင်းထားသည်ဆိုလျှင် Civil Rights Center (နိုင်ငံသား အခွင့်အရေးများဆိုင်ရာ စင်တာ) (အထက်ဖော်ပြပါ လိပ်စာကို ကြည့်ပါ) သို့ မတင်သွင်းမီ ငွေကြေးအကူအညီလက်ခံရရှိ သူမှ နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို ထုတ်ပြန်သည်အထိ သို့မဟုတ် ရက်ပေါင်း ၉၀ ကျော်လွန်သွားသည်အထိ (မည်သည်ကအရင်ဖြစ်စေ) ထိုအချိန်အထိ သင်စောင့်ဆိုင်းရပါမည်။ ငွေကြေးအကူအညီလက်ခံရရှိ သူသည် သင်တိုင်ကြားချက် တင်သွင်းခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို သင့်အားမပေးပါက အဆိုပါ အသိပေးစာကို လက်ခံမရရှိမီ CRC ထံတွင် တိုင်ကြားချက်တင်သွင်းနိုင်ပါသည်။ သို့ရာတွင် သင်၏ CRC တိုင်ကြားချက်ကို နောက်ဆုံးသတ်မှတ်ထားသည့် ရက်ပေါင်း ၉၀ မှစ၍ ရက် ၃၀ အတွင်း (တစ်နည်းအားဖြင့် ငွေကြေးအကူအညီလက်ခံရရှိ သူထံ သင်တိုင်ကြားချက် တင်သွင်းခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၁၂၀ အတွင်း) တင်သွင်းရပါမည်။ ငွေကြေးအကူအညီလက်ခံရရှိ သူသည် သင့်တိုင်ကြားချက်နှင့်ပတ်သက်ပြီး နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို သင့်အားပေးသော်လည်း သင်သည် ဆုံးဖြတ်ချက် သို့မဟုတ် ဖြေရှင်းချက်ကို ကျေနပ်မှုမရှိပါက CRC ထံတွင် တိုင်ကြားချက် တင်သွင်းနိုင်ပါသည်။ နောက်ဆုံး အရေးယူဆောင်ရွက်ချက် အသိပေးစာကို သင်လက်ခံရရှိခဲ့ သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သင်၏ CRC တိုင်ကြားချက်ကို တင်သွင်းရပါမည်။